# ငှားရမ်းအိမ်အမျိုးအစားများအတွက် လမ်းညွှန်

အိမ်ရာအမျိုးမျိုး ရှိပါသည်။

ဤလက်စွဲစာကို ဂျပန်တွင် နေထိုင်သူတိုင်း မိမိတို့၏ မျှော်လင့်ချက်များနှင့် လိုအပ်ချက်များနှင့် ကိုက်ညီသည့် နေအိမ်ရှာဖွေရန် ကူညီပံ့ပိုးရန် ရည်ရွယ်၍ ဖန်တီးထားပါသည်။

○ ဤလက်စွဲစာတွင် အထွေထွေကိစ္စရပ်များကို ရိုးရှင်းစွာ ရှင်းပြထားပါသည်။

○ ဤလက်စွဲစာတွင် ငှားရမ်းအိမ်ရာအမျိုးအစားများကို ပုဂ္ဂလိကနှင့် ပြည်သူ့/မြို့နယ်ပိုင်အိမ်ရာများအဖြစ် ခွဲခြားဖော်ပြထားသည်။。

○ ဤလက်စွဲစာတွင် အသက်ကြီးရွယ်အိုများအတွက် အိမ်မျှ၍နေထိုင်ခြင်းနှင့် ဝန်ဆောင်မှုများပါဝင်သည့် သက်ကြီးရွယ်အိုအိမ်ရာကဲ့သို့သော ခေါင်းစဉ်များကို ရှင်းပြထားသည်။

○ ဤလက်စွဲစာပါ အကြောင်းအရာများနှင့် ပတ်သက်၍ နောက်ထပ်သိရှိလိုပါက ကနာဂါဝါ နိုင်ငံခြားသား နေထိုင်သူများ ထောက်ပံ့ရေးစင်တာ (ဖုန်းနံပါတ်နှင့် လိပ်စာကို စာမျက်နှာ ၈ တွင် ကြည့်နိုင်ပါသည်) သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ၁။ အိမ်ငှားရန်ရှာဖွေနေစဉ် သင်သိထားသင့်သော အချက်များ

① ငှားရမ်းခ ပမာဏကို ဆုံးဖြတ်ပါ။

ယေဘုယျအားဖြင့် သင့်လစဉ်ဝင်ငွေ၏ သုံးပုံတစ်ပုံထက်နည်းသော ပမာဏကို ရည်မှန်းရန် အကြံပြုထားသည်။

လစဉ်ငှားခအပြင် အာမခံအပ်ငွေ၊ သော့ခ (key money)၊ ကြိုငှားခ၊ ဝန်ဆောင်ခ၊ အကျိုးဆောင်ခ စသည်တို့ပါဝင်သည့် ကနဦးကုန်ကျစရိတ်များကို လစဉ်ငှားခ၏ သုံးလမှ ခြောက်လစာနှင့်ညီမျှသော တန်ဖိုးအထိ ပေးဆောင်ရနိုင်ပါသည်။。

② အလုပ် နှင့် ကျောင်းရှိသောဒေသများကို အခြေခံ၍ သို့ သွားလာရန် ကြာမြင့်ချိန် နေထိုင်မည့်နေရာကို ဆုံးဖြတ်ရပါမည်။

③ ဘယ်ဒေသတွင် နေထိုင်မည်ကို ဆုံးဖြတ်ပြီးပါက သင်ငှားလိုသော အိမ်အခန်းအမျိုးအစား (ပုဂ္ဂလိက သို့မဟုတ် အများပြည်သူပိုင်)ကို ဆုံးဖြတ်သင့်ပါသည်။

④ တည်နေရာနှင့် အခန်းလိုအပ်ချက်များကို သတ်မှတ်ပြီးပါက နေထိုင်ရန် အခန်းရှာဖွေရေးကို စတင်နိုင်ပါပြီ။

* အွန်လိုင်းပေါ်တွင် ရှာဖွေပါ။

* ငှားရမ်းမဂ္ဂဇင်းများတွင် ရှာဖွေပါ။

* အိမ်ခြံမြေကိုယ်စားလှယ်ကို ဆက်သွယ်ပါ။

ကနာဂါဝါပြည်နယ် နိုင်ငံတကာရေးရာဌာန၏ ဝက်ဘ်ဆိုဒ်တွင် နိုင်ငံခြားသားများအား နေအိမ်ရှာဖွေရေးတွင် ကူညီပံ့ပိုးသည့် အိမ်ခြံမြေကိုယ်စားလှယ်များစာရင်းကို “နိုင်ငံခြားသားနေထိုင်သူများ ထောက်ပံ့ရေးအစီအစဉ်” ဟု ခေါ်ဆို၍ ထုတ်ပြန်ထားသည်။

💻: http://www.pref.kanagawa.jp/docs/k2w/cnt/f3530/p410990.html (ဂျပန်ဘာသာသာ)

## ၂။ ငှားရမ်းအိမ်ရာအမျိုးအစားများကို နားလည်ခြင်း


ဂျပန်နိုင်ငံရှိ ငှားရမ်းအိမ်ရာများကို ပုဂ္ဂလိကအိမ်ရာနှင့် ပြည်သူ့/အစိုးရပိုင်အိမ်ရာ(မြူနီစီပယ်အိမ်ရာ) ဟု နှစ်မျိုးခွဲခြားနိုင်သည်။

**(1) ပုဂ္ဂလိကငှားအိမ်ရာများ၏ လက္ခဏာများ**

ပုဂ္ဂလိကငှားရမ်းအိမ်ရာဆိုသည်မှာ ပုဂ္ဂိုလ်များ သို့မဟုတ် ကုမ္ပဏီများမှ အဓိကစီမံခန့်ခွဲထားပြီး အိမ်ခြံမြေကိုယ်စားလှယ်များမှတစ်ဆင့် ငှားရမ်းသည့် နေအိမ်များကို ဆိုလိုသည်။ ရရှိနိုင်သော အိမ်အခန်းများ အများအပြားရှိသောကြောင့် သင့်လိုအပ်ချက်များနှင့် ကိုက်ညီသည့် အိမ်တစ်လုံးကို ရှာဖွေရန် လွယ်ကူပါသည်။


- အချိန်မရွေး ရှာဖွေ၍ရနိုင်ပါသည် ။
- မိမိနှစ်သက်ရာ တည်နေရာတွင် အိမ်ရှာနိုင်ပါသည်။
- အခန်းအရွယ်အစား၊ အခန်းအရေအတွက်၊ အဆောက်အအုံ၌ ပါဝင်သော ဝန်ဆောင်မှုများ၊ ဒီဇိုင်း စသည့်ဖြင့် အမျိုးမျိုးအလိုက် ရှာဖွေနိုင်ပါသည်။
- ငှားခအပြင် ကနဦးကုန်ကျစရိတ်များလည်း ရှိပါသည်။
- ပူးတွဲအာမခံသူတစ်ဦး သို့မဟုတ် အာမခံပေးသောကုမ္ပဏီတစ်ခုကိုလဲ လိုအပ်ပါမည်။ ထို့အပြင် သက်တမ်းတိုးချိန်သည့်အခါ သက်တမ်းတိုးခ ကောက်ခံပါမည်။

## [ပုဂ္ဂလိက အငှားအိမ်ရာများ၏ နမူနာပုံ]————————————————————————————————




**တိုက်ခန်းတွဲ**

နှစ်ထပ် သို့မဟုတ် နှစ်ထပ်ထက်ပိုသော အိမ်ခန်းများ ဖြစ်ပြီး များသောအားဖြင့် ဓာတ်လှေကားများ မပါရှိပါ။



**တိုက်ယာခန်း**

ဤအိမ်ခန်းများသည် များသောအားဖြင့် သုံးထပ် (သို့) ထို့ထက်ပိုတတ်ပြီး ဓာတ်လှေကားများပါသည်။



**အိမ်ချင်းဆက်ထားသောတိုက်တန်း (သို့) တဲရပ်စ်အိမ် (Terrace House)**

လွတ်လပ်ခွဲထားသည့် အိမ်ပုံစံပါဝင်သည့် အနိမ့်ထပ်တိုက်တန်းအဆောက်အဦး



**လုံးခြင်းအိမ်**

### ကော်လံ ၁: အိမ်ကိုမျှဝေကာနေထိုင်တယ် ဆိုတာဘာလဲ?

မျှဝေအိမ်ဆိုသည်မှာ အိမ် သို့မဟုတ် တိုက်ခန်းတစ်ခုတွင် လူတစုနှင့် မျှဝေနေထိုင်ခြင်း ဖြစ်သည်။

- နေထိုင်သူများသည် ၎င်းတို့၏ကိုယ်ပိုင်အခန်းများရှိသော်လည်း ရေချိုးခန်း၊ အိမ်သာ၊ မီးဖိုချောင်စသည်တို့ကို မျှဝေသုံးစွဲကြသည်။
- မျှဝေအိမ်အများစုသည် တစ်ကိုယ်တည်းနေသူများ အတွက်ဖြစ်သည်။
- ပြောင်းရွှေ့နေထိုင်သည့်အခါ ကြိုတင်စွာ ငှားရမ်းခနှင့် အာမခံငွေကို ပေးသွင်းရန် လိုအပ်ပါသည်။

အိမ်ပြောင်းသောအခါရသော ပြန်အမ်းငွေများသည် အိမ်မျှဝေမှုအပေါ် မူတည်၍ ကွဲပြားပါသည်။

## (2) ပြည်သူပိုင်ဆိုင်ပြီး ပြည်သူစီမံခန့်ခွဲသော ငှားရမ်းအိမ်ရာများ၏ လက္ခဏာများ

ပြည်သူပိုင် သို့မဟုတ် ပြည်သူမှစီမံခန့်ခွဲသော ငှားရမ်းအိမ်ရာဆိုသည်မှာ အခွန်ဝင်ငွေ သို့မဟုတ် အများပြည်သူရန်ပုံငွေများကို အသုံးပြု၍ နိုင်ငံတော်အစိုးရ၊ ဒေသဆိုင်ရာအာဏာပိုင်များ သို့မဟုတ် ပြည်သူပိုင်ကုမ္ပဏီများက တည်ဆောက်ထားသော အိမ်ရာများကို ဆိုလိုသည်။

● ငှားရမ်းသူဖြစ်လိုပါက **UR** ငှားရမ်းအိမ်ရာ၊ ပြည်သူပိုင်ကုမ္ပဏီအထွေထွေငှားရမ်းအိမ်ရာနှင့် ခရိုင်၊ မြို့ကြီး သို့မဟုတ် မြို့နယ်စီမံခန့်ခွဲသော အိမ်ရာများအတွက် သက်ဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့မှ သတ်မှတ်ထားသည့် အရည်အချင်းပြည့်မီရမည်။

● ငှားရမ်းခအပြင်၊ ပြောင်းရွှေ့နေထိုင်ရန်အတွက် အာမခံငွေ ပေးသွင်းရန် လိုအပ်ပါသည်။

● သော့ငွေ(Key Money)၊ သက်တမ်းတိုးခ သို့မဟုတ် ပွဲစားခ မလိုအပ်ပါ။

● အရည်အချင်းသတ်မှတ်ချက်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာ ပရောဂျက်တာဝန်ခံများထံ ဆက်သွယ်မေးမြန်းပါ။

### ＜UR(ယူအာ)ငှားအိမ်ရာ (ပြည်သူ့ပိုင်အိမ်ရာ)＞

● ဝင်ငွေတည်ငြိမ်သူများအတွက် အရည်အသွေးမြင့် အိမ်ရာဖြစ်သည်။

● အိမ်ထောင်စု၏ လစဉ်ပျမ်းမျှဝင်ငွေသည် ငှားခ၏ လေးဆထက်မနည်း၊ သို့မဟုတ် ယန်း၃၃၀, ၀၀၀ နှင့်အထက် ရှိရမည် (အချို့သောခြွင်းချက်များရှိပါသည်)။

● အသက် ၂၀ နှစ်အောက် သို့မဟုတ် သက်ကြီးရွယ်အိုများသည် **UR** ငှားအိမ်ရာ စည်းမျဉ်းများနှင့် ကိုက်ညီပါက လျှောက်ထားနိုင်ပါသည်။

● လျှောက်လွှာများကို တစ်ကိုယ်တည်းနေထိုင်သူများနှင့် မိသားစုများ လျှောက်ထားနိုင်ပါသည်။

● အိမ်ခြံမြေအများစုကို ဦးရာလူစနစ်ဖြင့် ဝန်ဆောင်မှုပေးသည့်ပြီး (အချို့ကို လော့ထရီ (သို့) မဲထီဖြင့် ခွဲဝေပေးသည်)။

● လျှောက်ထားသူများသည် သတ်မှတ်ချက်များနှင့် ကိုက်ညီပါက မိမိနေထိုင်လိုသည့် တိုင်းဒေသကြီး၊ မြို့နယ် စသည့် နေရာတွင် နေရပ်မှတ်ပုံတင်မထားသော်လည်း UR ငှားရမ်းအိမ်ရာအတွက် လျှောက်ထားနိုင်ပါသည်။ (အကယ်၍ အိမ်သို့ ပါ ပြောင်းရွှေ့နေထိုင်က ထိုတိုင်းဒေသကြီး၊ မြို့နယ်တွင် နေထိုင်သူအဖြစ် မှတ်ပုံတင်ရမည်။)

**ဆက်သွယ်ရန် (ဂျပန်ဘာသာဖြင့်သာ)**

**ယူအာ(UR)မြို့ပြဖွံ့ဖြိုးရေး ကော်ပိုရေးရှင်း၊ ယိုကိုဟားမား အရောင်းစင်တာ**

☎:၀၄၅-၄၆၁-၄၁၇၇ 💻:http://www.ur-net.go.jp/akiya/Kanagawa

### ＜အများပြည်သူဆိုင်ရာ ငှားရမ်းအိမ်ရာ (အများပိုင်ငှားအိမ်ရာ)＞

● ဝင်ငွေတည်ငြိမ်သူများအတွက် အရည်အသွေးမြင့် အိမ်ရာဖြစ်သည်။

● အိမ်ထောင်စု၏ လစဉ်ဝင်ငွေသည် ငှားခ၏ အနည်းဆုံး လေးဆရှိရမည် (အချို့သော ခြွင်းချက်များရှိပါသည်)။

● အရွယ်ရောက်ပြီးသော ဂျပန်နိုင်ငံသားများ သို့မဟုတ် အရွယ်ရောက်ပြီးသော ဥပဒေအရ တရားဝင် နေထိုင်ခွင့်ရရှိကာ သုံးလထက်ပို၍ နေထိုင်နေသော နိုင်ငံခြားသားများ လျှောက်ထားနိုင်ပါသည်။

● လျှောက်လွှာများကို တစ်ကိုယ်တည်းနေထိုင်သူများနှင့် မိသားစုများ လျှောက်ထားနိုင်ပါသည်။ (အိမ်ခြံမြေတချို့တွင် တစ်ကိုယ်တည်းနေထိုင်သူများ မလျှောက်နိုင်ပါ)။

● အိမ်ခြံမြေအများစုကို ဦးရာလူစနစ်ဖြင့် ဝန်ဆောင်မှုပေးသည့်ပြီး (အချို့ကို လော့ထရီ (သို့) မဲထီဖြင့် ခွဲဝေပေးသည်)။

● လျှောက်ထားလိုသူများသည် မိမိနေထိုင်ရန် ရည်ရွယ်ထားသည့် တိုင်းဒေသကြီး၊ မြို့နယ် စသည့် နေရာတွင် နေရပ်မှတ်ပုံတင်မထားသော်လည်း လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန် (ဂျပန်ဘာသာဖြင့်သာ)**

**ကာနာဂါဝါပြည်နယ် အိမ်ရာထောက်ပံ့ရေး ကော်ပိုရေးရှင်း (အိမ်ခြံမြေငှားရမ်းဌာန၊ ငှားရမ်းစာချုပ်ဌာန)**

☎:၀၄၅-၆၅၁-၁၈၅၇ 💻:http://www.kanagawa-jk.or.jp/

## ＜ခရိုင်၊ မြို့နယ်နှင့် မြို့တော်စီမံခန့်ခွဲသော အိမ်ရာ (အများပြည်သူအိမ်ရာ)＞

● နေရာရှာဖွေရန် အခက်အခဲကြုံနေရပြီး ဝင်ငွေနည်းပါးသူများအတွက် ဖြစ်သည်။
● ဝင်ငွေကန့်သတ်ချက်ရှိပါသည်။
● အရွယ်ရောက်ပြီးသူ မည်သူမဆို လျှောက်ထားနိုင်ပါသည်။
● မိသားစုဝင်များ (ဇနီးမောင်နှံ သို့မဟုတ် မိဘများနှင့် ကလေးများ) အတူတကွ နေထိုင်ခြင်း။
(သို့သော် သက်ကြီးရွယ်အိုများ သို့မဟုတ် မသန်စွမ်းသူများကဲ့သို့ အထူးအခြေအနေရှိ တစ်ကိုယ်တည်းနေသူများလည်း လျှောက်ထားနိုင်ပါသည်။)
● ငှားရမ်းသူများကို လော့ထရီ သို့မဟုတ် ရွေးချယ်ခြင်းဖြင့် ဆုံးဖြတ်ပါသည်။
● လျှောက်ထားလိုသူများသည် နေထိုင်လိုသည့် တိုင်းဒေသကြီး၊ မြို့နယ် စသည့် ဒေသတွင် နေရပ်မှတ်ပုံတင်ထားပြီး အမှန်တကယ် နေထိုင်ရမည် (လိုအပ်သည့် နေထိုင်ကာလသည် ပြည်နယ်၊ မြို့ သို့မဟုတ် ခရိုင်အလိုက် ကွဲပြားပါသည်)။

### ဆက်သွယ်ရန်

### ခရိုင်နှင့် မြို့နယ်များ

| ငှားရမ်းရန် / အမျိုးအစား | UR ငှားအိမ်ရာ (ပြည်သူ့ပိုင်အိမ်ရာ) | အများပြည်သူဆိုင်ရာ ငှားရမ်းအိမ်ရာ (အများပိုင်ငှားအိမ်ရာ) | ခရိုင်၊ မြို့နယ်နှင့် မြို့တော်စီမံခန့်ခွဲသော အိမ်ရာ (အများပြည်သူအိမ်ရာ) |
|---|---|---|---|
| ကနဦးကုန်ကျစရိတ် | စရံငွေ (အိမ်ငှားခ ၃ လစာ) | | စရံငွေ (အိမ်ငှားခ ၂-၃ လစာ) ※1 |
| အာမခံသူ | မလိုအပ်ပါ | လိုအပ်သည် ※2 | လိုအပ်သည် |
| ငှားရမ်းသူရွေးချယ်နည်း | ဦးသူကို ဦးစားပေးပါမယ်။ ※3 | | မဲထိုးနိုက်ပေးကာ ရွေးချယ်ခြင်း |
| လျှောက်လွှာကာလ | အချိန်မကန့်သတ် ※3 | | မေးမြန်းစုံစမ်းရန် |

※1 အများပြည်သူအိမ်ရာအတွက် စရံငွေသည် ပြည်နယ်၊ မြို့နယ် သို့မဟုတ် မြို့အလိုက် ကွဲပြားသည်။

※2 အာမခံသူ မရှိပါက၊ ပူးတွဲအာမခံသူအဖြစ် အခြားစနစ်တစ်ခုကို အသုံးပြုရမည်။

※3 အချို့သော အိမ်အခန်းများကို မဲထီ(လော့ထရီစနစ်)ဖြင့် သတ်မှတ်ထားသည်။

## ကော်လံ ၂: ဝန်ဆောင်မှုများပါသော သက်ကြီးရွယ်အိုများအတွက် အငှားအိမ်ရာဆိုသည်မှာ။

သက်ကြီးရွယ်အိုများအတွက် ဝန်ဆောင်မှုပေးသော အငှားအိမ်ရာသည် သက်ကြီးရွယ်အိုများ (တစ်ကိုယ်တည်းနှင့် စုံတွဲအိမ်ထောင်စုများ) စိတ်အေးချမ်းသာစွာ နေထိုင်နိုင်သည့် အငှားအိမ်ရာဖြစ်သည်။ သက်ကြီးရွယ်အိုများအတွက် သင့်လျော်စေရန် ဒီဇိုင်းထုတ်ထားပြီး (အတားအဆီးကင်းသော ဖွဲ့စည်းပုံစသည်) လုံခြုံရေးဝန်ဆောင်မှုများနှင့် နေထိုင်မှုဆိုင်ရာ အတိုင်ပင်ခံဝန်ဆောင်မှုများ အမြဲပါရှိသည်။ အချို့အိမ်ရာများတွင် သူနာပြုစောင့်ရှောက်မှုနှင့် ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုများကိုလည်း ထားရှိနိုင်ပါသည်။

● လျှောက်ထားနိုင်သူများမှာ အသက် ၆၀ နှင့်အထက်ရှိသူများ၊ သို့မဟုတ် သူနာပြုစောင့်ရှောက်မှု သို့မဟုတ် အထောက်အပံ့ လိုအပ်ကြောင်း အသိအမှတ်ပြုထားသူများနှင့် ထိုသူတို့နှင့် အတူနေထိုင်သူများဖြစ်သည်။

●ငှားရမ်းခအပြင်၊ ပြောင်းရွှေ့နေထိုင်ရန်အတွက် အာမခံငွေနှင့် ဝန်ဆောင်ခများ စသည်တို့ ပေးဆောင်ရန် လိုအပ်ပါသည်။

●သော့ငွေ၊ အေဂျင်စီကြေး သို့မဟုတ် သက်တမ်းတိုးကြေး မရှိပါ။

ဆက်သွယ်ရန်အချက်အလက် (ဂျပန်ဘာသာဖြင့်သာ)

ကာနာဂါဝါ အိမ်ရာနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအသင်း

☎:၀၄၅-၆၆၄-၆၈၉၆

သက်ကြီးရွယ်အိုများအတွက် ဝန်ဆောင်မှုပေးသည့် အိမ်ရာ သတင်းအချက်အလက် စနစ် (ဝက်ဘ်ဆိုက်)

💻:http://www.satsuki-jutaku.jp/search/index.php

## ကော်လံ ၃: အထူးအဆင့်မြင့် အငှားအိမ်ရာ (တိုကုယူချင်) ဆိုသည်မှာ?

အထူးအဆင့်မြင့် အငှားအိမ်ရာ (တိုကုယူချင်) သည် မိသားစုများ (စုံတွဲများ သို့မဟုတ် မိဘများနှင့် ကလေးများ) အတွက် အများပြည်သူဆိုင်ရာ အငှားအိမ်ရာဖြစ်သည်။ အိမ်ထောင်စု၏ ဝင်ငွေပေါ် မူတည်၍ နိုင်ငံတော် သို့မဟုတ် ဒေသန္တရအစိုးရထံမှ အိမ်ငှားခ ထောက်ပံ့ကြေးများ ရရှိနိုင်ပါသည်။

●အိမ်ထောင်စုဝင်ငွေသည် သတ်မှတ်ထားသော ပမာဏအတွင်း ရှိရမည် (အသေးစိတ်အတွက် အောက်ပါ စုံစမ်းမေးမြန်းရာနေရာသို့ ဆက်သွယ်ပါ)။

●လျှောက်ထားသူများသည် အရွယ်ရောက်ပြီးသူများ ဖြစ်ရမည်။

●မိသားစုဝင်များ (ဥပမာ ဇနီးမောင်နှံ သို့မဟုတ် မိဘများနှင့် ကလေးများ) အတူတကွ နေထိုင်ရန်လိုပါသည်။

●အိမ်ငှားခနှင့် ပြုပြင်ထိန်းသိမ်းခများအပြင်၊ ပြောင်းရွှေ့နေထိုင်ရန်အတွက် အာမခံကြေး ပေးသွင်းရန် လိုအပ်သည်။

●သော့ငွေ (Key Money)၊ ကိုယ်စလှယ်ကြေး၊ သက်တမ်းတိုးကြေးတို့ မလိုအပ်ပါ။

●မဲထီဖြင့် သို့မဟုတ် စောစွာလျှောက်သူကို ဦးစားပေးစနစ်ဖြင့် ဆုံးဖြတ်သည်။

ဆက်သွယ်ရန်အချက်အလက် (ဂျပန်ဘာသာဖြင့်သာ)


လူထုအကျိုးပြုအဖွဲ့အစည်း၊ ကာနာဂါဝါအိမ်ရာနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအသင်း၊

☎:၀၄၅-၆၆၄-၆၈၉၆ 💻:http://www.machikyo.or.jp/partner/

## အကျိုးအမြတ်မယူသော အဖွဲ့အစည်းတစ်ခုဖြစ်သည့် ကာနာဂါဝါ နိုင်ငံခြားသားများ

## အိမ်ရာထောက်ပံ့ရေးဌာနအကြောင်း

ကာနာဂါဝါ နိုင်ငံခြားသား အိမ်ရာ အထောက်အပံ့ဌာနသည် နိုင်ငံခြားသားများအား ဘာသာစကားအမျိုးမျိုးဖြင့် အိမ်ရာရှာဖွေရန် ကူညီပေးပါသည်။ ကျွန်ုပ်တို့သည် အိမ်ရာဆိုင်ရာ ကိစ္စရပ်များအတွက်လည်း အကြံဉာဏ်ပေးပါသည်။




**ကာနာဂါဝါ နိုင်ငံခြားသား အိမ်ရာ အထောက်အပံ့ဌာန**

**စာတိုက်ကုဒ်**: ၂၃၁-၈၄၅၈
၁-၇ တိုကီဝါချို၊ ယိုကိုဟားမား YMCA၊ ဒုတိယထပ်၊
နာကာကု၊ ယိုကိုဟားမား
**ဖုန်းနံပါတ်**: ၀၄၅-၂၂၈-၁၇၅၂
**ဖက်စ်**: ၀၄၅-၂၂၈-၁၇၆၈
**အီးမေးလ်**:sumai.sc@sumasen.com
https://www.sumasen.com/

① JR ကေဟင်-တိုဟိုကုလိုင်းရှိ ကန်နိုင်းဘူတာရုံ၏ တောင်ဘက်ထွက်ပေါက်မှ ခြေလျင်ငါးမိနစ်လျှောက်လျှင်

② ယိုကိုဟားမားမြို့နယ် အပြာလိုင်း ကန်နိုင်းဘူတာရုံ ထွက်ပေါက် ၁ မှ မိနစ်ငါးခန့် လမ်းလျှောက်၍ ရောက်ပါသည်။

③ မီနာတိုမိုင်ရာလိုင်းရှိ နိဟုန်-အိုဒိုရီဘူတာထွက်ပေါက် ၂ မှ မိနစ်ငါးလမ်းလျှောက်

ဤလက်စွဲစာဆောင်ကို ကနာဂါဝါ ပြည်နယ်အစိုးရ၏ တာဝန်ပေးချက်အရ အကျိုးအမြတ်မယူသော အဖွဲ့အစည်းတစ်ခုဖြစ်သည့် ကနာဂါဝါ နိုင်ငံခြားသား နေအိမ်ထောက်ပံ့ရေးစင်တာမှ ထုတ်ပြန်ထားပါသည်။

၂၀၂၆ မတ်လထုတ်

ကာနာဂါဝါခရိုင် နိုင်ငံတကာရေးရာဌာန (နိဟွန်ဒိုရီလမ်း ၁၊ နာကာမြို့နယ်၊ ယိုကိုဟားမားမြို့)

ဖုန်း: ၀၄၅-၂၁၀-၁၁၁၁ (အဓိက ဖုန်းလိုင်း)